# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၄၉ ခုနှစ်၊ ကရင်ရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ။
## (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၄။)
## ၁၃၁၁ ခု၊ ဝါဆိုလဆန်း ၁၀ ရက်။
## (၁၉၄၉ ခု၊ ဇူလိုင်လ ၄ ရက်။)

[ ပြင်ဆင်: 24.09.1949, 12.09.1951, 29.10.1951 ]

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို **၁၉၄၉ ခုနှစ်၊ ကရင်ရေးရာ ယာယီကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ** ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာတည်သည်ဟုမှတ်ယူရမည်။ ထို့ပြင် ဤအက်ဥပဒေသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအခန်း ၉ အရ၊ နည်းလမ်းတကျ ဖွဲ့စည်း ထားသည့် ကရင်ရေးရာကောင်စီဆိုင်ရာ ပဌမအစည်းအဝေးမကျင်းပသေးသမျှ ကာလပတ်လုံး အာဏာ တည်နေရမည်။

(၃) ဤအက်ဥပဒေသည် ကရင်ရေးရာ ယာယီကောင်စီအမတ်များနှင့် သက်ဆိုင်ရမည်။

၂။ ။ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ-

(၁) "ညီလာခံ" ဆိုသည်မှာ၊ ကရင်ရေးရာ ယာယီကောင်စီ၏ ညီလာခံကိုဆိုလိုသည်။

(၂) "အစည်းအဝေး" ဆိုသည်မှာ၊ ကရင်ရေးရာ ယာယီကောင်စီဆိုင်ရာ ကော်မီတီ၏အစည်းအဝေးကို ဆိုလိုသည်။

(၃) "အမတ်" ဆိုသည်မှာ၊ ကရင်ရေးရာ ယာယီကောင်စီအမတ်ကို ဆိုလိုသည်။ သို့သော် "အမတ်" ဆို သည့်စကားရပ်တွင်၊ ဝန်ကြီးသော်၎င်း၊ ပါလီမန်အတွင်းဝန်သော်၎င်း၊ ကရင်ရေးရာယာယီကောင်စီ သဘာပတိ သော်၎င်း မပါချေ။

<ပြင်ဆင် 29.10.1951>

၃။ ။ ၁၉၃၈ ခုနှစ်၊ ဥပဒေပြုလွှတ်တော်လစာနှင့် စရိတ်ကြေးငွေများ အက်ဥပဒေအရသော်၎င်း၊ ၁၉၄၉ ခုနှစ်၊ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေ အရသော် ၎င်း၊ ထိုဥပဒေတရပ်ရပ်အရ ပြုလုပ်ထားသည့်နည်းဥပဒေများအရသော်၎င်း၊ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ဆိုင်ရာညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးသို့တက်ရောက်သော တိုင်းပြည်ပြုလွှတ် တော် (ပါလီမန်) အမတ်တဦးအတွက် ပြဋ္ဌာန်းထားသည့်နှုန်းအတိုင်း၊ ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်၊ သို့တည်းမဟုတ် စည်းကမ်းချက်များနှင့်အညီ၊ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးတက်ရောက် သော အမတ်တဦးအား နေ့တွက်စရိတ်ကိုဖြစ်စေ၊ ရပ်နားစရိတ်ကိုဖြစ်စေ၊ ခရီးသွားလာရသည့်အတွက် ခရီးစရိတ်ကိုဖြစ်စေပေးရမည်။

ခြွင်းချက်။ ။ သို့ရာတွင် တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အမတ်တဦးအဖြစ်ဖြင့် နေ့တွက်စရိတ်၊ သို့ တည်းမဟုတ် ရပ်နားစရိတ်ထုတ်ယူပိုင်ခွင့်ရှိသောနေ့အတွက်၊ သို့တည်းမဟုတ် ခရီးစရိတ် ထုတ်ယူပိုင် ခွင့်ရှိသော ခရီးအတွက်

နေ့တွက်စရိတ်ကို ဖြစ်စေ၊ ရပ်နားစရိတ်ကိုဖြစ်စေ၊ ခရီးစရိတ်ကိုဖြစ်စေ၊ ဤအက် ဥပဒေအရ မထုတ်ယူရ။

ခြွင်းချက်။ ။ သို့ရာတွင် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးနှင့်တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ဆိုင်ရာ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးစပ်ကြားရှိ အချိန်ကာလသည် တိုလွန်းလှသဖြင့်၊ ညီ လာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပရာဌာနသို့ အသွားနှင့် အစည်းအဝေးကျင်းပရာဌာနမှ အပြန်ခရီးများအတွက် တောင်းဆိုနိုင်သည့် ခရီးစရိတ်သည်၊ ထိုစပ်ကြားရှိ အချိန်ကာလအတွက် ရယူပိုင် ခွင့်ရှိသော ရပ်နားစရိတ်ထက်ပိုလျှင်၊ ၁၉၄၉ ခုနှစ်၊ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ထိုရပ်နားစရိတ်ကိုသာ ထုတ်ယူရ မည်။

<ပြင်ဆင် 24.09.1949>

၃-က။ ။ ကရင်ရေးရာ ယာယီကောင်စီသဘာပတိသည်၊ ပြည်သူ့အကျိုးအတွက်သော်၎င်း၊ ပြည်ထောင်စုအစိုးရကိစ္စနှင့်သော်၎င်း၊ ကရင်ရေးရာဝန်ကြီး၏ ညွှန်ကြားချက်အရ ခရီးသွားလာရသည့်အခါ၊ နေ့တွက်စရိတ်ကိုဖြစ်စေ၊ ရပ်နားစရိတ်ကိုဖြစ်စေ၊ ခရီးစရိတ်ကိုဖြစ်စေ၊ မြန်မာနိုင်ငံတော် ခရီးစရိတ်နည်း ဥပဒေများတွင် ပြဋ္ဌာန်းထားသည့်နှုန်းအတိုင်း ရယူခွင့်ရှိရမည်။

<ပြင်ဆင် 12.09.1951>

၄။ ။ ဤအက်ဥပဒေအရ ပြဋ္ဌာန်းချက်များအရ၊ ရယူပိုင်ခွင့်ရှိသော စရိတ်ကြေးငွေများကို ထိုသို့ရယူပိုင် ခွင့်ရှိသောနေ့ရက်မှစ၍၊ တနှစ်အတွင်း တောင်းဆိုထုတ်ယူရမည်။ ခြောက်လကျော်မှ စရိတ်ကြေး ငွေတောင်းဆိုခြင်းကို မည်သည့်အကြောင်းနှင့်မျှ လက်မခံရ။

**ခြွင်းချက်**။ ။ သို့ရာတွင် ဤအက်ဥပဒေကို ပါလီမန် အက်ဥပဒေ အဖြစ်ဖြင့် ပြန်တမ်းတွင် ထုတ်ပြန်ကျေ ညာခြင်းမပြုမီ၊ ထုတ်ယူရန် နေ့ရက်စေ့သော စရိတ်ကြေးငွေများသည်၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ ယင်းသို့ ထုတ်ပြန်ကျေညာသည့်နေ့ရက်တွင် ထုတ်ယူရန်နေ့ရက်စေ့သောစရိတ်ကြေးငွေများဖြစ်သည် ဟူ၍ မှတ်ယူရမည်။

<ပြင်ဆင် 12.09.1951>

၅။ ။ နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်နည်းဥပဒေများကို ပြု လုပ်နိုင်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၁ ခု၊ ဝါဆိုလဆန်း ၁၀ ရက်။
(၁၉၄၉ ခု၊ ဇူလိုင်လ ၄ ရက်။)

၁၉၄၉ ခုနှစ်၊ ကရင်ရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ။

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၁၁၀]